MINISTRY OF MANPOWER

21 March 2020

**နိုင်ငံခြားသူအိမ်အကူများနှင့် ၎င်းတို့၏အလုပ်ရှင်များ အတွက်ထပ်မံထုတ်ပြန်ထားသည့်အကြံပေးချက်။**
**အိမ်အကူများသည် မိမိတို့၏နားရက်တွင် အပြင်မထွက်ဘဲအိမ်၌နေ**
**ကြပါရန်။**

1. စင်ကာပူနိုင်ငံအတွင်းCovid-19 ရောဂါထပ်မံပြန့်နှံ့မှုကို
လျော့နည်းစေရန် ကျန်းမာရေးဝန်ကြီးဌာနမှလူမှုရေးအနီးကပ်ဆက်ဆံခြင်းနည်းစေမည့်တင်းကြပ်သော
ကြေငြာချက်ကိုလိုက်နာကြရန် မတ်လ ၂၀ ရက်နေ့၂၀၂၀ခုနှစ်တွင်ထုတ်
ပြန်ကြေငြာလိုက်ပါသည်။ထိုလိုက်နာလုပ်ဆောင်ရမည့်အချက်မှာ လူစုလူဝေးအတွင်း ၌တဦးနှင့်တဦးအနီးကပ်အ
ချိန်ကြာမြင့်စွာမနေဘဲ ရောဂါမကူးအောင်ခပ်ခွာခွာ နေကြ
ပါရန်တိုက်တွန်းပါသည်။

2. နိုင်ငံခြားသူအိမ်အကူfdwများသည်လည်း မိမိတို့၏နားရက်တွင် ရောဂါမကူးအောင်လူစုလူဝေးကြားမဝင်ဘဲ ခပ်
လှမ်းလှမ်းတွင်ခွာနေကြရန် တိုက်တွန်းနိုးဆော်ပါသည်။အလုပ်သမားဝန်ကြီးဌာနMOM၊အိမ်အကူအလုပ်သမားများ
စင်တာCentre for Domestic Employee CDE၊ နိုင်ငံ
ခြားအိမ်အကူများအတွက်လူမှုရေးထောက်ပံ့မှုနှင့်သင်တန်း
ပေးရေးဌာနFASTတို့အားလုံးသောအဖွဲ့အစည်းများ က
လည်းနိုင်ငံခြားသူအိမ်အကူများ နှင့်၎င်းတို့၏အလုပ်ရှင်တို့အားရောဂါ မကူးစေမည့်အနီးကပ်လူမှုရေးဆက်ဆံမှု
လျော့နည်းစွာနေကြရန်အကြံပေးတိုက်တွန်းပါသည်။

**နားရက်များအတွက်အကြံပေးချက်များ။**

3. fdwများသည် နားရက်များတွင် အပြင်မထွက်ဘဲအိမ်အ
တွင်း၌သာနေကြရန်တိုက်တွန်းပါသည်။အကယ်၍နားရက်များ၌ အပြင်တွင်လုပ်ဆောင်စရာရှိပါကလူမထူထပ်သော
ကြားရက်များတွင်သာထွက်ကြပါရန်တိုက်တွန်းပါသည်။fdwများသည်နားရက်တွင်အပြင်မထွက်ဘဲအိမ်တွင
်နေကြရန်နှစ်ဦးနှစ်ဖက်သ
ဘောတူပါက၊အလုပ်ရှင်များကအိမ်အလုပ်တို့ကိုမခိုင်းရပါ။အကယ်၍fdwများကအိမ်အလုပ်များကိုလုပ်ပေးရန်သ
ဘောတူပါလျှင် ၎င်း၏အလုပ်ရှင်များက
နေ့တွက်လျော်ကြေးပေးရပါမည်။

**နားရက်တွင်လူမှုရေးအနီးကပ်ဆက်ဆံမှုနည်းစေခြင်း။**

4. Fdwများသည်နားရက်တွင်အပြင်ထွက်လိုကြပါ

- လူထူထပ်သောနေရာများဖြစ်သည့် Lucky Plaza City Plaza Peninsula Plaza
စသောနေရာများတွင်အချိန်ကြာမြင့်စွာမနေကြရန်အကြံပေးလိုပါသည်။
- တစ်ကိုယ်ရည်သန့်ရှင်းမှုကိုအလေးထားပြီး အနီးကပ်ဆက်ဆံမှုကိုရှောင်ကြ၍၊လက်ဆွဲနှုတ်ဆက်ခြင်း၊ ရေ
ရောဂါမကူးစက်အောင်ခပ်ခွာခွာနေကြရန်နှင့်.
- အစားအသောက်များကိုလည်းအတူတကွမျှ၍မစားကြရန်နှင့်
တစ်ကိုယ်ရည်သုံးအလှကုန်စသည်ညတို့ကိုမျှမသုံးကြပါရန်တိုက်တွန်းပါသည်။

အလုပ်ရှင်များကလည်း fdw တို့ကိုနားရက်တွင် အိမ်မှမ
ထွက်မှီအထက်ပါလုပ်ဆောင်ရမည့်အချက်များကိုသတိပေးတိုက်တွန်းကြရပါမည်။
fdwများကလည်းမိမိတို့၏ကျန်းမာရေးကိုအလေးထားပြီး မိမိတို့ကိုယ်ကိုဂရုစိုက်ရပါမည်။
နေမကောင်းပါကဆရာဝန်ပြခြင်း၊နှင့် အိမ်အပြင်ထွက်၍အ
ခြားသူများကိုရောဂါကူးစက်မှုမဖြစ်အောင်ရှောင်ရပါမည်။

5. ယခုလိုအချိန်တွင် fdwများနှင့် အလုပ်ရှင်များတို့သည်
တဦးနှင့်တဦးပွင့်လင်းစွာပြောဆိုဆွေးနွေးကြရပါမည်။
နောက်ဆုံးတင်ပြထားသောသတင်းအခြေအနေကိုသိရန် ကျန်းမာရေးဝန်ကြီးဌာန၏ website ဖြစ်သော
www.moh.gov.sg တွင်အမြဲဝင်၍ဖတ်ရှုနိုင်ပါသည်။

အလုပ်သမားဝန်ကြီးဌာနMinistry of Manpower
နိုင်ငံခြားအိမ်အကူများစင်တာ Center for Domestic Employee နိုင်ငံခြားအိမ်အကူများအတွက်လူမှုရေး
ထောက်ပံ့မှုနှင့် သင်တန်းပေးရေးဌာနFAST.